# ဥယျောဇဉ်



ကျွန်ုပ်တို့နေထိုင်သော အရှေ့တောင်အာရှဒေသသည် ဘေးဒုက္ခကျရောက်လွယ်သော ဒေသတစ်ခုဖြစ်သည်။ ၂၀၀၄–ခုနှစ်တွင် ဖြစ်ပွားခဲ့သော စူမတြားငလျင်နှင့် ဆူနာမီရေလှိုင်းကြီး၊ ၂၀၀၈–ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံနာဂစ်လေမုန်တိုင်းဘေးကြီးတို့သည် ဘေးဒုက္ခသမိုင်းတွင် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုအလွန်ကြီးမားသော ဘေးကြီးများဖြစ်သည်။ နှစ်စဉ်မုန်တိုင်းကြီးများ ဒဏ်ခံနေရသော ဖိလစ်ပိုင်နိုင်ငံ၊ ရေဘေး၊ လေဘေးဒဏ်ခံနေရသော ဗီယက်နမ်နိုင်ငံနှင့် မီးတောင်ဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေးများ ခံနေရသော အင်ဒိုနီးရှားနိုင်ငံတို့မှာ ဘေးဒဏ်ထူပြောသော နိုင်ငံများဖြစ်ပြီး ကျန်နိုင်ငံများမှာလည်း အခါအားလျော်စွာ ဘေးဒုက္ခများ ကြုံတွေ့ကြရလေ့ရှိသည်။ ထို့ကြောင့်လည်း အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) က အာဆီယံဒေသ ဘေးဒုက္ခ စီမံခန့်ခွဲရေးကော်မတီ (ACDM) ကို ဖွဲ့စည်းပြီး နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်လျှက်ရှိသည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ကလည်း ဗန်ကောက်မြို့တွင် ဒေသဆိုင်ရာဘေးဒုက္ခစီမံခန့်ခွဲရေးဌာန (RDMU) ကိုဖွင့်လှစ်ပြီး အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ပူးပေါင်း၍ ဘေးဒုက္ခစီမံခန့်ခွဲရေးကို ဆောင်ရွက်လျှက်ရှိသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ၏ ဒေသဆိုင်ရာဘေးဒုက္ခစီမံခန့်ခွဲရေးဌာန (RDMU) သည် အရှေ့တောင်အာရှအတွင်း ဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးဆိုင်ရာမူဘောင်စာအုပ်ကိုလည်းကောင်း၊ အရှေ့တောင်အာရှနိုင်ငံများ၏ဖြစ်စဉ်နှင့် လျော်ညီအောင်ရေးဆွဲပြီး လက်တွေ့စမ်းသပ် ပြင်ဆင်အတည်ပြုထားပြီးဖြစ်သည်။ ယင်းစာအုပ်တွင် ယေဘုယျသဘောတရားကိုသာမက အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ အတွေ့အကြုံမှ သင်ခန်းစာများ၊ အစဉ်အလာကောင်းများ၊ ဆန်းသစ်ဆောင်ရွက်မှုများကိုလည်း ကဏ္ဍအလိုက်ဖော်ပြထားရာ အလွန်နားလည်လွယ်ကူကြောင်း တွေ့ရှိရသည်။

ဖော်ပြပါအရှေ့တောင်အာရှအတွင်းဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးဆိုင်ရာစာအုပ်ကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) ၏ အကူအညီရယူလျှက် မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခဲ့သဖြင့် ရပ်ရွာအခြေပြု ဘေးဒုက္ခအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ (CBDRM)၊ ကျောင်းအခြေပြုဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ပါးရေး (SBDRR) လုပ်ငန်းစဉ်များ၊ ရပ်ရွာအခြေပြုဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ပါးရေး (CBDRR) လုပ်ငန်းစဉ်များတွင် ထိရောက်စွာသုံးစွဲနိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဌာနချုပ်မှ ခေါင်းဆောင်များ၊ အရာထမ်း၊ အမှုထမ်းများသာမက အဆင့်ဆင့်သော အသင်းခွဲများမှ စေတနာလုပ်အားရှင်များအနေဖြင့် လွယ်ကူစွာလေ့လာပြီး မူဘောင်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ဤစာအုပ်ငယ်သည် ဘေးဒုက္ခကျရောက်နိုင်မှုအန္တရာယ်လျှော့ပါးရေးလုပ်ငန်းများအတွက် ပြီးပြည့်စုံသော စာအုပ်တစ်အုပ်ဟုမဆိုနိုင်သော်လည်း၊ မှီငြမ်းကိုးကား၊ အတုယူ၍အကောင်အထည်ဖော်ရန် ကောင်းမွန်သောစာအုပ်တစ်အုပ်ဟူ၍ အခိုင်အမာပြောကြားနိုင်သည်။ သို့ဖြစ်ရာ ယခုစာအုပ်ငယ်ဖြစ်မြောက်ရေးအတွက် စတင်ဆောင်ရွက်ခဲ့သော ဒေသဆိုင်ရာဘေးဒုက္ခစီမံခန့်ခွဲရေးဌာန (RDMU) အရာထမ်း၊ အမှုထမ်းများနှင့် စမ်းသပ်ပြီးဆန်းသစ်တီထွင်ခဲ့သော အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအားလည်းကောင်း၊ ဘာသာပြန်ဆိုပေးသူများနှင့်စာမူအား ဖတ်ရှုတည်းဖြတ်ပေးခဲ့ကြသူများအားလည်းကောင်း၊ ပုံနှိပ်စာအုပ်အဖြစ်သေသပ်စွာ ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ပုံနှိပ်တိုက်မှဝန်ထမ်းများအားလည်းကောင်း၊ (IFRC) မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်နှင့် အရာထမ်းများအားလည်းကောင်း၊ ပါဝင်ကူညီကြသော ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။


ပါမောက္ခ ဒေါက်တာသာလှရွှေ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


၁။ **နောက်ခံသမိုင်း** ၁

၂။ **ဘေးဒုက္ခကျရောက်နိုင်သည့်အန္တရာယ်လျှော့ချရေးတွင် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ပါဝင်ဆောင်ရွက်မှု** ၅

၃။ **အရှေ့တောင်အာရှ၏ ဘေးဒုက္ခအကြောင်းခြင်းရာများ** ၉

၄။ **အရှေ့တောင်အာရှဒေသ၏ ဘေးအန္တရာယ်နှင့်ဘေးဒုက္ခကျရောက်လွယ်မှုအလားအလာ** ၁၁

၅။ **ကျွန်ုပ်တို့အရှေ့တောင်အာရှဒေသ ဘယ်နေရာရောက်နေပြီလဲ** ၁၅

၆။ **အရှေ့တောင်အာရှဒေသတွင်း ဘေးကင်းရေးနှင့်ဘေးဒဏ်ကို ပိုမိုခံနိုင်စွမ်းရှိသော ရပ်ရွာလူထုအဖြစ် အောင်မြင်စွာထူထောင်ရေး** ၃၁

**နောက်ဆက်တွဲ−၁**

အမျိုးသားကြက်ခြေနီအသင်းများမှ ဖော်ထုတ်ထားသောအရှေ့တောင်အာရှအတွင်း ဘေးဒုက္ခကျရောက်နိုင်မှု အခြေပြဇယား ၃၂

**နောက်ဆက်တွဲ−၂**

အရှေ့တောင်အာရှ ဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေး အရှိန်မြှင့်ဆောင်ရွက်ခြင်း ၃၆

***အဓိကအချက်−၁***

ဘေးဒုက္ခကျရောက်နိုင်မှုအန္တရာယ်အကြောင်း အသိပေးခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်မှုပြုရေး ၃၆

***အဓိကအချက်−၂***

နိုင်ငံအလိုက် တိကျသော ဘေးဒဏ်လျော့ပါးရေး၊ ကြိုတင်ကာကွယ်ရေးနှင့် အခြေအနေနှင့်လျော်ညီစွာ ဆောင်ရွက်ရေး ၄၁

***အဓိကအချက်−၃***

ဘက်စုံသဘာဝဘေးဒုက္ခစီမံခန့်ခွဲမှုပုံစံကိုကဏ္ဍအလိုက် အခြေပြုအစီအစဉ်ဖြင့် ဆောင်ရွက်ရေး။ ၅၄

***အဓိကအချက်−၄***

ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ အချက်အချာကျသောကြားဖြတ်ဆောင်ရွက်မှုများ ၅၆

# ဘေးဒုက္ခကျရောက်နိုင်သည့်
# အန္တရာယ်လျှော့ချခြင်း

## အရှေ့တောင်အာရှအတွင်း
## ဘေးဒုက္ခကျရောက်နိုင်သည့်
## အန္တရာယ်လျှော့ချရေးဆိုင်ရာမူဘောင်

# ၁။ နောက်ခံသမိုင်း

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းတို့သည် စေတနာလုပ်အားရှင်များအား ဘေးဒုက္ခကျ ရောက်ချိန်တုံ့ပြန်ဆောင်ရွက်နိုင်ရန် ကွန်ယက်စနစ်ဖြင့်ကြိုတင်ပြင်ဆင်၍ လူ့အသက်ထောင်ပေါင်းများစွာကို နှစ်စဉ်ကယ်တင်နိုင်သော ရလာဒ်ကောင်းများကို ဆောင်ကျဉ်းပေးလျက်ရှိပါသည်။ ဘေးဒုက္ခဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုများကို လုပ်ဆောင်ရန် အဓိကလိုအပ်ချက်ပင်ဖြစ်သော်လည်း ပြည့်စုံလုံလောက်အောင်မဆောင်ရွက်နိုင်သေးပေ။ ပြည်သူလူထုအား ပိုမိုလုံခြုံ စိတ်ချရပြီး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းရှိသော အခြေအနေရောက်ရှိစေရေးကျွန်ုပ်တို့ပိုမိုအားထုတ်ရန်လိုအပ်ပြီး ယင်းတွင်ညှိနှိုင်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေရန်နှင့် အားလုံးပူးပေါင်းဆောင်ရွက်မှုပုံစံဖြစ်ပေါ်စေရန် လိုအပ်နေပေသေးသည်။ ယင်းလုပ်ငန်းမှာဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေးပင်ဖြစ်သည်။

အရှေ့တောင်အာရှရှိ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများတွင် ဘေးဒုက္ခများအပေါ် စွမ်းစွမ်းတမံတုံ့ပြန်နိုင်သော အရည်အချင်းကောင်းများရှိပြီး၊ ယင်းကြောင့်လည်း မိမိနိုင်ငံ၏ ဘေးဒုက္ခတုံ့ပြန်ရေးဆိုင်ရာ ရပ်ရွာလူထုအဖွဲ့ အစည်းတစ်ရပ်အဖြစ် အားထားခံရမှုရှိနေကြသည်။ ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ချရေးဟူသော ကျယ်ဝန်းသည့်လုပ်ငန်းအတွက်မူ ယင်းတို့၏ ပုံရိပ်မှာ အလားတူမဟုတ်တော့ချေ။ အမျိုးသားကြက်ခြေနီအသင်းအသီးသီးတို့အနေဖြင့် ဘေးဒုက္ခကျ ရောက်နိုင်မှု လျှော့ချရေးလုပ်ငန်းများတွင် အလေးထားမှုနှင့်အားထုတ်မှုများ အမျိုးမျိုး ကွဲပြားနေကြပြီး၊ ယင်းကြောင့်လည်းအတွေ့အကြုံနှင့်စွမ်းဆောင်ရည်မတူညီခြင်း၊ ကွာဟချက်နှင့် အတားအဆီးများမတူညီခြင်းတို့ကို တွေ့ကြုံနေကြရသည်။ ထို့ကြောင့် ဒေသတွင်း အမျိုးသားကြက်ခြေနီအသင်းများ၏ ဘေးဒုက္ခကျရောက်နိုင်သည့်အန္တရာယ်လျှော့ချရေးတွင် တူညီသော အခြေခံမှုများ ရှိစေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်လိုအပ်သည်။ သို့မှသာ အခြေအနေ ကောင်းမွန်ပြီး လုပ်ဆောင်မှုစွမ်းရည်မြင့်မားလာမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူပေါင်းသန်း၂၀၀ ကျော်မှာ နှစ်စဉ်လိုပင် ဘေးဒုက္ခဒဏ်ကို ခံနေကြရပြီး၊ ဘေးဒဏ်ကို ကနဦးတုံ့ပြန်ကြရသူများမှာလည်း ယင်းဘေးဒဏ်ခံရသူများပင်ဖြစ်နေသည်။ ထို့ကြောင့်လည်း ရပ်ရွာလူထုအခြေပြုဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေးအစီအစဉ်ကို ဘေးဒဏ်ရင်ဆိုင်နေရသော ပြည်သူများ၏ဘေးဒဏ်ခံရမှုလျှော့နည်းစေရေးနှင့် ဘေးဒဏ်ကို ခုခံနိုင်စွမ်းရှိစေရေး အကူအညီအဖြစ် အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ တစ်ဆင့်အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်းက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဘေးဒုက္ခကျ ရောက်နိုင်သည့်အန္တရာယ်လျှော့ချရေးနှင့်ဘေးဒဏ်မှသက်သာစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန် ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို အမျိုးသားကြက်ခြေနီအသင်းများက ရပ်ရွာလူထုနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။




ဘေးဒုက္ခကျရောက်နိုင်သော ရပ်ရွာမှစေတနာ့လုပ်အားရှင်များအား အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီ အသင်းများက လေ့ကျင့်သင်တန်းပေးခြင်းဖြင့် ရပ်ရွာ၏ထာဝရအစိတ်အပိုင်းအဖြစ် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီ အသင်းများက ဝင်ရောက်နိုင်ခဲ့သည်။ အမျိုးသားကြက်ခြေနီ အသင်းများ၏ လူသားအရင်းအမြစ် စည်းရုံးခြင်းလည်းဖြစ်သည်။ ရပ်ရွာအဆင့် ဘေးဒုက္ခကြိုတင်ပြင်ဆင်ခြင်း၊ ဘေးဒုက္ခကျရောက်လွယ်မှုလျှော့ချခြင်းနှင့်ကာကွယ်ခြင်းတို့ကို ယနေ့ခေတ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် အသင်းဝင်အမျိုးသား အသင်းပေါင်း (၁၈၆) သင်းတို့က အလေးထားဆောင်ရွက်လျက်ရှိကြသည်။

၂၀၀၃–ခုနှစ်၊ ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ (၂၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာညီလာခံတွင် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေး၏ အရေးကြီးမှုကို လူသားချင်းစာနာမှု အစီအစဉ်အဖြစ် ဖော်ထုတ်အသိအမှတ်ပြုခဲ့သည်။ ယင်း

ညီလာခံတွင် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအဖွဲ့ဝင်များ၊ ဂျီနီဗာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများက ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေးနှင့် ဘေးဒဏ်ကြောင့်ထိခိုက်ဆုံးရှုံးမှုလျှော့ချရေး ရှေ့လုပ်ငန်းစီမံကိန်းကို ဆောင်ရွက်ရန် ကတိကဝတ်ပြုခဲ့ကြသည်။ ယင်းကို အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်း၏ Global Agenda (၂၀၀၆–၂၀၁၀) တွင် အကျယ်တဝင့်ဖော်ပြပြီး၊ ဘေးဒုက္ခကျရောက်လွယ်သော ရပ်ရွာများတွင် ဘေးဒဏ်လျော့ပါးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် နှိုးဆော်ခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ ယင်းကတိကဝတ်ကိုဆောင်ရွက်ရာ၌အထောက်အကူဖြစ်စေရန် အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်းက ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေး ကမ္ဘာလုံးဆိုင်ရာမူဘောင်တစ်ရပ်ကို ရေးဆွဲခဲ့သည်။ ယင်းမှာ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ဘေးကင်းပြီးဘေးဒဏ်ခံနိုင်သော ရပ်ရွာများတည်ဆောက်ရေးတွင် အထောက် အကူဖြစ်စေရန်ဖြစ်သည်။ ယင်းမူဘောင်မှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းပြီးမှ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဒေသခွဲ (၅) ခုတွင် အမျိုးသားကြက်ခြေနီအသင်းများအဆင့်အစည်းအဝေးများသို့ တင်ပြ၍ ဆွေးနွေးအကြံပြုချက်များ ရယူခဲ့သည်။ ထို့ပြင် ဒေသဆိုင်ရာအဆင့် အစည်းအဝေးများကိုလည်း ခတ္တမန္ဒူး၊ ရာဘတ်၊ ပနားမား၊ ပီနန်နှင့် ဂျိုဟန်နစ်ဘတ်မြို့များတွင် ကျင်းပခဲ့ရာနိုင်ငံ (၇၀) ကျော်တို့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီအနေဖြင့် အထက်ဖော်ပြပါ ရပ်ရွာလူထုဘေးကင်းရေးနှင့်ဘေးဒဏ်ခံနိုင်စွမ်းရှိရေးမူဘောင်နှင့် ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်ချက်များကို အသိအမှတ်ပြုပြီး၊ အရှေ့တောင်အာရှဒေသနှင့် ပိုမိုဆီလျော်ပြီး၊ တိကျသော လမ်းညွှန်ချက်များကို အမျိုးသားအဆင့်များအတွက် ချမှတ်နိုင်စေရန် ရည်ရွယ်၍ ဤမူဘောင်ကို ရေးဆွဲခဲ့ပါသည်။

## ၂။ ဘေးဒုက္ခကျရောက်နိုင်သည့်အန္တရာယ်လျှော့ချရေးတွင် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများပါဝင်ဆောင်ရွက်မှု

ကြက်ခြေနီနှင့် လခြမ်းနီအသင်းများသည် ဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးကို ၁၉၈၀ ပြည့်နှစ်ခန့်ကပင် အာရုံစိုက်ဆောင်ရွက်ခဲ့သည်။ ယင်းတွင် ဘေးဒုက္ခကြိုတင်ပြင်ဆင်မှု လုပ်ငန်းအနေဖြင့် သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ ပိုမိုကောင်းမွန်ရေး၊ ကနဦးရပ်ရွာလူထုအခြေပြုကြိုတင်သတိပေးခြင်း သို့မဟုတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အောင်မြင်မှု အကူအညီများပေးခြင်းတို့ပါဝင်သည်။

၂၀၀၃–ခုနှစ်တွင်ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုနှင့် ဂျီနီဗာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများက ဘေးဒုက္ခကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးအောင် ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ချရေးလုပ်ဆောင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့်တုံ့ပြန်ရေး ယန္တယားပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေးတို့ကို မိမိတို့အစီအစဉ်များဖြင့်ဆောင်ရွက်ခဲ့ကြသည်။ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများခေါင်းစဉ်ကို အတည်ပြုသည့်အနေဖြင့် ၎င်းဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးလုပ်ငန်းများ အရေးကြီးမှုကို အသိအမှတ်ပြု၍ ဘေးအန္တရာယ်ကျရောက်လွယ်သော ရပ်ရွာလူထုအား ဘေးဒဏ်မှသက်သာခွင့်ရစေမည့်လုပ်ငန်းများကို ကြက်ခြေနီနှင့်လခြမ်းနီအသင်းများက တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

၂၀၀၅ ခုနှစ်တွင် အတည်ပြုခဲ့သော အပြည်ပြည်ဆိုင်ရာ ဖက်ဒရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တွင် (Global Agenda) တွင်လည်း ဖော်ပြပါစည်းမျဉ်းများကို အရှိန်မြှင့်ပေးခဲ့သည်။ ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ချရေးကို လုပ်ငန်းအစီအစဉ်တွင် ဦးစားပေးအဖြစ်အသိအမှတ်ပြုခဲ့သည်။ ဘေးဒုက္ခကျရောက်လွယ်သော ရပ်ရွာလူထုအတွက် လုပ်ငန်းဖွံ့ဖြိုးအောင်ဆောင်ရွက်ရန် ကတိပြုခဲ့သည်။ ဘေးဒုက္ခတုံ့ပြန်ရေးကို ဒေသန္တာရအဆင့်၊ နိုင်ငံတော်အဆင့်၊ အပြည်ပြည်ဆိုင်ရာအဆင့် စသည်ဖြင့် အဆင့်တိုင်းတွင် စွမ်းဆောင်ရည်မြှင့်တင်ရန်သဘောတူခဲ့ကြသည်။ ထပ်မံ၍ ၂၀၀၅–ခုနှစ် ဇန်နဝါရီလတွင် ဂျပန်နိုင်ငံကိုဘေးမြို့၌ ကျင်းပခဲ့သော ဘေးဒုက္ခလျှော့ပါးရေးကမ္ဘာလုံးဆိုင်ရာ ညီလာခံကြီး အောင်မြင်စွာပြီးမြောက်ရေးအတွက် အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်းမှ ထောက်ပံ့ကူညီခဲ့သည်။ ယင်း၏ နောက်ဆက်တွဲလုပ်ငန်းအဖြစ်လည်း ညီလာခံကြီးက ချမှတ်ခဲ့သော ယိုကိုလုပ်ငန်းမူဘောင်–၂၀၀၅–၂၀၁၅ (Hyogo Framework for Action-HFA-2005-2015) ကို အဖွဲ့ဝင်အမျိုးသား ကြက်ခြေနီနှင့်လခြမ်းနီအသင်းများနှင့်လည်းကောင်း ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရများ၊ အလှူရှင်များ၊ လူထုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်လည်းကောင်း အကောင်အထည်ဖော်လျက်ရှိသည်။

## ဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးတွင် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ပါဝင်ဆောင်ရွက်မှု

ကမ္ဘာတစ်ဝန်းရှိနေကြသော အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများကလည်း ဘေးဒုက္ခများကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရသော ရပ်ရွာလူထုနှင့် ဘေးဒဏ်ခံရသူအပေါင်းကို လူမှုရေး အကူအညီများကို ဆက်လက်ထောက်ပံ့ပေးလျက်ရှိသည်။ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အနေဖြင့် ဘေးဒုက္ခကျရောက်နိုင်မှု ပို၍ရင်ဆိုင်ရလျက်ရှိသော ရပ်ရွာလူထုကို အစဉ်နှလုံးသွင်း ကာတိုး၍ ကူညီပေးလျက်ရှိသည်။

အဆိုပါ ဘေးဒုက္ခကျရောက်နိုင်မှုအန္တရာယ်များမှာ ရာသီဥတုပြောင်းလဲမှုနှင့် အခြား အကြောင်းအချက်များကြောင့် ပိုမိုပြင်းထန်လာနိုင်ပြီး၊ ပြည်သူများက ယင်းတို့ကို ရင်ဆိုင် ကြရမည်ဖြစ်သည်။ ယင်းတို့ကိုတုံ့ပြန်ရာတွင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေး ရှင်းအနေဖြင့် ဘေးဒဏ်ခံပြည်သူများအား အထောက်အပံ့ပေးနေသော အမျိုးသားကြက်ခြေနီ အသင်းများကို ဆက်လက်ကူညီပေးသွားမည်ဖြစ်သည်။ ထို့ပြင်လက်ရှိဖြစ်ပေါ်နေသော ဘေးဒုက္ခ ကျရောက်နိုင်မှု အခြေအနေများသည် ဘေးဒုက္ခကြီးများဆီသို့ ဦးတည်နေကြပါကြောင်း သက်ဆိုင်ရာအစိုးရများက ဂရုပြုလာစေရန် အမျိုးသားအသင်းများ၏ ကြိုးပမ်းမှုကိုလည်း ဖက်ဒရေးရှင်းအနေဖြင့် ထပ်လောင်းကူညီထောက်ပံ့ပေးသွားပါမည်။ အစိုးရအာဏာပိုင်များနှင့် ဆက်သွယ်ရာ၌ အမျိုးသားကြက်ခြေနီအသင်းများ၏ လူသားချင်းစာနာမှုနယ်ပယ်တွင် အရန် အင်အား အခန်းကဏ္ဍ၌ပါဝင်နေကြောင်းပြသရန် ယင်းလုပ်ငန်းများမှာ သော့ချက်ကျသော လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ယင်းအခန်းကဏ္ဍတွင် အမျိုးသားအသင်းများ ပါဝင်နေခြင်းသည် နိုင်ငံတော်အစိုးရ၏ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၌ အမျိုးသားကြက်ခြေနီ အသင်းများ ပါဝင်ခွင့်ရရှိစေသော အဓိကအကြောင်းရင်းပင်ဖြစ်သည်။

ထိုစိတ်ဓာတ်ကြောင့်လည်း ၂၀၀၇–ခုနှစ် အောက်တိုဘာလတွင် နယူးယောက်မြို့၌ ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ချရေးဆိုင်ရာ တစ်ကမ္ဘာလုံးမဟာမိတ်ဆောင်ရွက်ရေးကို တရားဝင် ကြေငြာနိုင်ခဲ့သည်။ ယင်းမဟာမိတ်အဖွဲ့က အမျိုးသားကြက်ခြေနီအသင်းများ၏ ဘေးဒုက္ခကျ ရောက်လွယ်မှု အန္တရာယ်အရှိဆုံး ရပ်ရွာအဖွဲ့အစည်းများတွင် ဘေးဒုက္ခလျှော့ချရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ခြင်းဖြင့် ပိုမိုဘေးကင်းလုံခြုံသော ရပ်ရွာများထူထောင်ရေးလုပ်ငန်းအား ဝင်ရောက်ဆောင်ရွက်ကြရန် ကတိပြုခဲ့ကြသည်။

ဘေးဒုက္ခကျရောက်နိုင်မှုအန္တရာယ်လျော့ပါးရေးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်ရေးကို ကူညီရေးတွင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ် ခံနိုင်စွမ်းရှိရေး အညွှန်းခေါင်းစဉ်များနှင့် လမ်းညွှန်ချက်များသည် အမျိုးသားကြက်ခြေနီ အသင်းများ၏ ရပ်ရွာလူထုအား ကူညီရေးဆိုင်ရာ ချဉ်းကပ်မှုအတွက် အထောက်အပံ့ဖြစ်စေသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် အောက်ပါ ယေဘုယျ ရည်မှန်းချက်ပန်းတိုင်များရှိသည်။

## ဘေးဒုက္ခကျရောက်နိုင်သည့် အန္တရာယ်လျှော့ချရေးတွင် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ပါဝင်ဆောင်ရွက်မှု

ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေးဆိုင်ရာ အစီအစဉ် စီမံချက်နှင့် ဝင်ရောက်ကူညီရေးလုပ်ငန်းများကို ရပ်ရွာလူထုအတွက် ဘေးကင်းပြီး ဘေးဒဏ်ခံနိုင်စွမ်းရှိသော အခြေအနေများဖန်တီးပေးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်တည်မြဲရေးဟူသော အခြေခံပေါ်တွင် ထူထောင်သွားရန်။

အထက်ပါမူဘောင်ကို အခြေပြု၍ ဘေးဒဏ်ခံနိုင်စွမ်းရှိရေးနှင့် ဘေးဒုက္ခ ကျရောက်နိုင်မှုအန္တရာယ်လျှော့ချရေး အစီအစဉ်များ ရေးဆွဲရေးတွင် အမျိုးသားကြက်ခြေနီအသင်းများအား အောက်ပါ ရည်ရွယ်ချက်(၃)ရပ်ဖြင့် အထောက်အပံ့ပေးသွားပါမည်။

(၁) ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ချရေးကို ခိုင်မာစွာဆောင်ရွက်ပြီးမူဝါဒ၊ စီမံကိန်းနှင့် ရေရှည်အစီအစဉ်များ၌ ထည့်သွင်းရန်။

(၂) ဘေးဒုက္ခကြိုတင်ကာကွယ်ရေး၊ ဘေးဒဏ်လျှော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်ရေးတို့အတွက် လုပ်ငန်းများနှင့် ထောက်ခံမှုရရန် လုပ်ဆောင်ခြင်းများအပေါ် ဦးတည်ဆောင်ရွက်ရန်။

(၃) လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဘေးဒုက္ခပြန်လည်ထူထောင်ရေးများတွင် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေးဆိုင်ရာ ဆင်ခြင်စဉ်းစားမှုကို ခိုင်မာစွာအာရုံစိုက်ဆောင်ရွက်ရန်။





အထက်ဖော်ပြပါ မူဘောင်အတွင်း၌ အကြောင်းအချက်(၄)ရပ်ပါဝင်သည်။ ယင်းတို့မှာ ရပ်ရွာလူထုအားဘေးကင်းပြီး၊ ဘေးဒဏ်ကိုခံနိုင်စွမ်းရှိအောင် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများက အထောက်အပံ့ပေးရာတွင် လမ်းညွှန်ချက်များကို ဖော်ထုတ်နိုင်စေမည့် အချက်များဖြစ်သည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်အကြောင်းအသိပေးခြင်းဖြင့် လူသားချင်း စာနာမှုဆိုင်ရာတုံ့ပြန်မှုပြုရေး။

(၂) နိုင်ငံအလိုက်တိကျသော ဘေးဒဏ်လျှော့ပါးရေး၊ ကြိုတင်ကာကွယ်ရေးနှင့်အခြေအနေနှင့် လိုက်လျောညီစွာ ဆောင်ရွက်ရေး။

(၃) ဘက်ပေါင်းစုံ ဘေးဒုက္ခစီမံခန့်ခွဲရေးပုံစံကို ကဏ္ဍအလိုက် အခြေပြုအစီအစဉ်ဖြင့် တည်ဆောက်ရေး။

(၄) ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၏ အဓိကကျသော ကြားဖြတ်အစီအစဉ် ဆောင်ရွက်မှုများ။

ထို့ပြင်ကြက်ခြေနီနှင့် လခြမ်းနီအသင်းကြီးအနေဖြင့် အရေးပေါ်ငွေကြေးသုံးစွဲမှု၏ ၂၀%ကို ဘေးဒုက္ခကျ ရောက်နိုင်မှုလျှော့ပါးရေးလုပ်ငန်းများတွင် သုံးစွဲရန် ထပ်လောင်းကတိက ဝတ်ပြုခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထုအား ဘေးဖြစ်မှ အသက်ကယ်ဆယ်ခြင်းလုပ်ငန်းကိုသာမက ယင်းတို့၏ မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် ထူထောင်ရေးနှင့် ဘေးဒဏ်ကိုခံနိုင်စွမ်း ပိုရှိလာစေရေးတို့အထိ ကူညီထောက်ပံ့မှု အခိုင်အမာပြုရန်ဖြစ်သည်။

# ၃။ အရှေ့တောင်အာရှ၏ ဘေးဒုက္ခအကြောင်းခြင်းရာများ

အရှေ့တောင်အာရှဒေသသည် အာရှနှင့်ပစိဖိတ်ဒေသအတွင်း ဘေးဒုက္ခအထူပြောဆုံးဒေသဖြစ်သည်။ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ တီမောလက်စ်တီနှင့် ဗီယက်နမ်အသင်းများနှင့် အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်းတို့ ပူးပေါင်း၍ ဘေးဒုက္ခကျရောက်နိုင်မှုလျော့နည်းရေး လုပ်ငန်းအမျိုးမျိုးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအစဉ် အစပျိုးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဘေးဒုက္ခထူပြောသောဒေသများတွင် နေထိုင်ကြသော ဘေးဒုက္ခကျရောက် လွယ်သူလူထုအား မိမိတို့နိုင်ငံအလိုက်၊ အထူးထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းမှာ အပြည်ပြည်ဆိုင်ရာဖက်ဒရေးရှင်း၏ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာနှင့် အညီဆောင်ရွက်ခြင်းဖြစ်သည်။ ဖက်ဒရေးရှင်း၏ မဟာဗျူဟာတွင် ရပ်ရွာလူထု၏ ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေးလုပ်ငန်းများတွင် ကြိုတင်ပြင်ဆင်ရေးနှင့် စွမ်းဆောင်ရည်မြှင့် တင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် ဘေးဖြစ်ပွားလာသောအခါ၊ ရပ်ရွာလူထုအနေဖြင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်စေခြင်းဖြစ်သည်။ ဘေးများ၏ ဆိုးကျိုးများကို လျော့ပါးစေမည့်လုပ်ငန်းစဉ်နှင့် အပြုအမူတို့ကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းနှင့် ဘေးဒုက္ခဖြစ်ပွားစဉ် ကျန်းမာရေးဆိုင်ရာ အဆောက်အဦးနှင့် ပစ္စည်းများ ပျက်စီးမှုမရှိအောင် ကာကွယ်ခြင်းတို့လည်းပါဝင်သည်။

၂၀၀၈–ခုနှစ် ဧပြီလတွင် ၁၂–ကြိမ်မြောက် ဒေသဆိုင်ရာ ဘေးဒုက္ခစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကလည်း အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် နှစ်အတန်ကြာကပင် ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေး ဆောင်ရွက်လာခဲ့ကြကြောင်း အသိအမှတ်ပြုခဲ့ပါသည်။ ဘေးဒုက္ခကျရောက်နိုင်မှု လျော့ပါးရေးဆိုသည်မှာ အရှေ့တောင်အာရှဒေသရှိ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများအဖို့ အသစ်အဆန်းလုပ်ငန်းမဟုတ်ပေ။ သို့သော် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းအသီးသီးတို့ ဆောင်ရွက်ပုံတွင် အနည်းငယ်စီကွာခြားချက်ရှိပြီး၊ ဆောင်ရွက်မှုမှာလည်း မတူညီကြပေ။ ရေရှည်အကျိုးအတွက် စဉ်းစားကြသောအခါ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေး ယေဘုယျကျသော ရေရှည်ချဉ်းကပ်ပုံ တစ်ရပ်ကို လက်ခံကျင့်သုံးရန်လိုအပ်ပြီး၊ ယင်းမှာ ဘေးဒုက္ခစီမံခန့်ခွဲရေးအတွက်သာမက ကျန်းမာရေးနှင့် အသင်းကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုနည်းစနစ်၊ စံချိန်စံညွှန်းနှင့်မူဝါဒ ဆင့်ပွားအစီအစဉ်များပါဝင်သင့်ကြောင်း သဘောတူညီခဲ့ကြသည်။

အစည်းအဝေးတက်ရောက်ကြသူများက ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခုခံနိုင်စွမ်းရှိစေရေးဆိုင်ရာ မူဘောင်များသည် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအတွက်

အလွန်အဖိုးတန်ကြောင်း၊ သို့သော်အရှေ့တောင်အာရှဒေသဆိုင်ရာ အချက်အလက်များနှင့် အညီ အဓိပ္ပာယ်ဖွင့်ဆိုသင့်ကြောင်း သဘောတူညီခဲ့ကြသည်။

ကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေး လုပ်ငန်းများကို နှစ်အတန်ကြာ ဆောင်ရွက်ခဲ့ကြပြီးဖြစ်ရာ ယင်းဆောင်ရွက်လုပ်ငန်းများ၏ ထိရောက်အကျိုးရှိသော အပိုင်းများကို အခြေခံပြီးမှ ရှေ့ဆက်လုပ်ဆောင်ရန် အရေးကြီးပေသည်။ ယင်းသို့ဆောင်ရွက်ရာ၌ ပိုမိုစနစ်တကျဆောင်ရွက်ရန်နှင့် ဆောင်ရွက်ချက်များသည် အခြေခံ ရည်မှန်းချက်ဖြစ်သော ဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေး၊ တိုးတက်ဖြစ်ထွန်းလာရေး ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။




၂၀၀၈ ခုနှစ် ဒေသအလိုက်
ဘေးဒုက္ခဖြစ်ပွားမှုရာခိုင်နှုန်း




၂၀၀၈ ခုနှစ် ဒေသအလိုက်
ဘေးဒုက္ခကြောင့် သေဆုံးမှုရာခိုင်နှုန်း



၂၀၀၈ ခုနှစ် ဒေသအလိုက်
ဘေးဒုက္ခကြောင့် စီးပွားရေး
ထိခိုက်မှုရာခိုင်နှုန်း




ပုံ(၁)
ဒေသအလိုက် ၂၀၀၈ ခုနှစ်သဘာဝဘေးဒုက္ခကျရောက်မှု (ရည်ညွှန်း–ဘေးဒုက္ခကြောင့်ရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသုတေသန CRED )

# ၄။ အရှေ့တောင်အာရှဒေသ၏ ဘေးအန္တရာယ်နှင့်ဘေးဒုက္ခကျရောက်လွယ်မှု အလားအလာ

သဘာဝဘေးကြောင့် လူ့အသက်နှင့် စီးပွားရေးပျက်စီးမှု ဆိုးကျိုးများဖြစ်စေသည်။ ဘေးဒုက္ခကြောင့်ရောဂါ ဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသုသေသနဌာန (CRED)၏ ကိန်းဂဏန်းများအရ ၂၀၀၈–ခုနှစ်အတွင်း ဘေးဒုက္ခများကြောင့် လူပေါင်း–၂၃၅၀၀၀–ဦးသေပြီး၊ ၂၁၄ သန်းဘေးဒဏ်ခံရကာ စီးပွားရေးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀ ဘီလျံခန့်ရှိကြောင်း သိရသည်။ ယင်းတွင် အာရှဒေသ၌ဘေးဒဏ်ကြောင့်ဆုံးရှုံးမှု အများဆုံးဖြစ်သည်။ မှတ်တမ်းဝင်ဘေးများအနက် ၃၇%မှာ အာရှဒေသတွင်ဖြစ်ပွားပြီး၊ ဘေးဒဏ်သင့်သူများ၏ ၉၀%နှင့် စီးပွားရေးဆုံးရှုံးမှု ၄၆% တို့မှာ အာရှဒေသတွင် ဖြစ်ပွားခဲ့သည်။

ဘေးဒဏ်ခံရသူများစာရင်းအရ အဓိကအားဖြင့် ဒေသခွဲ (၂) ခုတွင် ဘေးဒဏ်ခံရသူအများဆုံးဖြစ်သည်။ တောင်အာရှနှင့် အရှေ့အာရှတို့တွင်ဖြစ်သည်။ ဖော်ပြပါ ဒေသခွဲများရှိ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်ကြသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ဘေးအချို့ဖြစ်ပွားမှုကို မြင်တွေ့ခဲ့ကြရသည်။ အရှေ့တောင်အာရှတွင် ရေဘေးဖြစ်ပွားမှု အရေအတွက်များပြားသော်လည်း ဘေးဒဏ်ခံရသော လူဦးရေမှာ အခြားဒေသများနှင့် နှိုင်းစာပါက နည်းပါးပါသည်။

ဘေးဒုက္ခကြောင့် ရောဂါဖြစ်ပွားမှုနှင့် ထိန်းချုပ်နိုင်မှုသုသေသနဌာန CRED ၏ ကိန်းဂဏန်းအရ ၂၀၀၈–ခုနှစ်တွင် ဘေးဒုက္ခကြောင့် စီးပွားရေးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၈၁ဘီလျံဖြစ်ရာ နှစ် (၂၀) အတွင်း တတိယမြောက် ဆုံးရှုံးမှု အများဆုံးနှစ်ဖြစ်သည်။ ဖော်ပြပါ (၂၀) နှစ်အတွင်း (၁) နှစ်လျှင် ပျမ်းမျှဘေးဖြစ်ပွားမှု ၃၂၁ ကြိမ်တွင် ဘေးကြောင့် သေဆုံးသူ ၂၃၅၀၀၀ ဦး၊ ဘေးဒဏ်ခံရသူ (၂၁၁) သန်း ရှိခဲ့သည်။ ဘေးဖြစ်ပွားမှုတွင် ဖိလစ်ပိုင်တွင် (၂၀) ကြိမ်၊ အင်ဒိုနီးရှား၌ (၁၆) ကြိမ်၊ ထိုင်းနိုင်ငံ၌ ၆ ကြိမ်နှင့် မြန်မာနိုင်ငံတွင်လူပေါင်းများစွာသေကြေခဲ့ရသော နာဂစ်လေမုန်တိုင်းဘေး (၁) ကြိမ်တို့ ပါဝင်ခဲ့ပါသည်။




## ပုံ(၂) ရာသီဥတုဆိုင်ရာ ဘေးဖြစ်ပွားမှုအခြေပြမြေပုံ

ပုံ(၂)တွင် ရာသီဥတုဆိုင်ရာဘေးများကို မြေပုံဖြင့်ဖော်ပြထားပါသည်။ ယင်းတွင်ရာသီဥတုနှင့် ဆက်စပ်သော ဘေးများဖြစ်ကြသည့် (အပူပိုင်းဆိုင်ကလုံးမုန်တိုင်း၊ ရေဘေး၊ မြေပြိုဘေး၊ မိုးခေါင်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု) တို့နှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှ၌ အထူးဂရုပြုရန် လိုအပ်သော နေရာများဖော်ပြထားပါသည်။ ယင်းအထူးဂရုပြုရန်လိုသော ဒေသများတွင် ဗီယက်နမ်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် မဲခေါင်မြစ်ဝှမ်းဒေသ၊ အရှေ့ဖက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၊ ထိုင်းနိုင်ငံဘန်ကောက်မြို့နှင့် ယင်းအနီးဝန်းကျင်ဒေသ၊ ဖိလစ်ပိုင်နိုင်ငံတစ်ဝှမ်းလုံးနှင့် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနောက်ပိုင်းနှင့်အရှေ့ပိုင်း တို့ပါဝင်သည်။

ပုံ(၃)တွင် ဘေးဒုက္ခကျရောက်လွယ်သောဒေသများကို ဖော်ပြထားရာ ယင်းတွင်ဖိလစ်ပိုင်နိုင်ငံတစ်ဝှမ်းလုံး၊ ဗီယက်နမ်နိုင်ငံ၏ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ္ဘောဒီးယား နိုင်ငံတစ်ဝှမ်းလုံး၊ လာအိုနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသ၊ ထိုင်းနိုင်ငံဘန်ကောက်မြို့နှင့် အနီးဝန်းကျင်ဒေသ၊ အင်ဒိုနီးရှားနိုင်ငံ စုမတြားကျွန်းအနောက်ပိုင်းနှင့်တောင်ပိုင်း၊ ဂျာဗားကျွန်း အရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံမှာ အခြားသော အရှေ့တောင်အာရှနိုင်ငံများနှင့် မတူဘဲ မြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် အပူပိုင်းမုန်တိုင်းဘေးသာမက ရာသီဥတုဆိုင်ရာဘေးဖြစ်သော ရေဘေးမှာလူဇုန်ကျွန်းအလယ်ပိုင်း၊ မင်ဒါနာအိုကျွန်းတောင်ပိုင်းတို့တွင်လည်းကောင်း၊ မြေသားမတည်ငြိမ်မှုကြောင့်ဖြစ်သော မြေပြိုမှုများနှင့် မိုးခေါင်ဘေးတို့သည်လည်းကောင်း ဖြစ်ပွားလေ့ရှိသည်။




## ပုံ(၃) ဘေးဒဏ်ကျရောက်လွယ်သောဒေသ အခြေပြမြေပုံ

အရှေ့တောင်အာရှဒေသတွင် သဘာဝကြောင့်နှင့် လူတို့ကြောင့် ဖြစ်ပွားရသော ဘေးအန္တရာယ်များဖြစ်ပွားပြီး၊ ယင်းတို့ကြောင့်လည်းသက်ရှိနှင့်သဘာဝဝန်းကျင်ဆိုင်ရာ ပျက်စီးမှုများကိုတွေ့ရှိရသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင်ဖြစ်ပွားခဲ့သော ဆူနာမီဘေးကြီးတွင် အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်းကောင်း၊ ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံကမ်းရိုးတန်း၌ဖြစ်ပွားခဲ့သော နာဂစ်လေဘေးကြီးတို့ကြောင့်လည်းကောင်း၊ ကျယ်ပြန့်စွာပျက်စီးစေပြီး ထောင်ပေါင်းများစွာ သေကြေခဲ့ကြရသည်။ ရာသီဥတုပြောင်းလဲမှုကလည်း ဤဒေသကို ထိခိုက်ပျက်စီးမှုများ စေနိုင်မည်ဖြစ်၍ ဂရုပြုရန် အထူးလိုအပ်နေသည်။ ဖော်ပြပါဘေးများမှာ လူတို့အား တိုက်ရိုက်ထိခိုက်သော ဘေးများ အကြောင်းတင်ပြချက်ဖြစ်သည်။ ယင်းတွင်သစ်တောပြုန်းတီးမှု၊ တောမီးလောင်ကျွမ်းမှု၊ ရေမလုံလောက်မှုနှင့် ရေ၏အရည်အသွေးမမှီမှု၊ မြို့ပြကြီးထွားမှု၊ လူအုပ်စုလိုက်ပြောင်းရွှေ့မှု (ပြောင်းလာကြသူများမှာ အန္တရာယ်ရှိပြီး မလုံခြုံသောနေရာများ၌နေကြရ) နှင့် အစားအစာ ရှားပါးလာမှုတို့ဖြစ်သည်။ မည်သို့ဆိုစေ ယင်းတို့မှာ နယ်စပ်ဖြတ်ကျော်နေသော ပြဿနာများဖြစ်ပြီး ဒေသတွင်း နိုင်ငံအချင်းချင်းတင်းမာမှုကို တိုးပွားလာစေမည်ဖြစ်သည်။ အသေးစိတ်ကို ဘေးအန္တရာယ်ပြပုံအဖြစ် နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

နောက်ဆက်တွဲဇယား–၁

| ရာသီဥတုဆိုင်ရာ ဘေးဒုက္ခဖြစ်ပွားမှု အထူးဂရုပြုရန် လိုသော ဒေသများ | အထူးဂရုပြုရန်ဘေးအန္တရာယ်များ |
|---|---|
| ဗီယက်နမ် (အနောက်မြောက်ပိုင်း) | မိုးခေါင်ခြင်း |
| ဗီယက်နမ် (အရှေ့ဘက်ကမ်းခြေ) | တိုင်ဖုန်း၊ မိုးခေါင်ခြင်း |
| ဗီယက်နမ် (မဲခေါင်မြစ်ဝှမ်းဒေသ) | ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု |
| ထိုင်းနိုင်ငံ (ဘန်ကောက်နှင့် အနီးဝန်းကျင်) | ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့်ရေဘေး |
| ထိုင်းနိုင်ငံ (တောင်ပိုင်းဒေသများ) | ရေဘေးနှင့်မိုးခေါင်ဘေး |
| ဖိလစ်ပိုင်နိုင်ငံ | တိုင်ဖုန်း၊ မြေပြိုဘေး၊ ရေဘေး၊ မိုးခေါင်ခြင်း |
| မလေးရှားနိုင်ငံ (ဆားဘားပြည်နယ်) | မိုးခေါင်းခြင်း |
| အင်ဒိုနီးရှား (ဂျားဗားကျွန်းအရှေ့ပိုင်း၊ အနောက်ပိုင်း) | မိုးခေါင်ခြင်း၊ ရေဘေး၊ မြေပြိုခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်း။ |

# ၅။ ကျွန်ုပ်တို့အရှေ့တောင်အာရှဒေသ ဘယ်နေရာရောက်နေပြီလဲ

အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖယ်ဒရေးရှင်းသည် ကမ္ဘာလုံးဆိုင်ရာမူဘောင်အတွင်းမှ ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေးဆိုင်ရာ အဓိကအကြောင်းအချက် ၄ ရပ်ကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

ယင်းအကြောင်းအချက် ၄ ရပ်သည် ကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းထူထောင်ရေးဆိုင်ရာ အဓိကကျသော ပံ့ပိုးဆောင်ရွက်ပေးမှုအဖြစ် သတ်မှတ်နိုင်သည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်–

**၅–၁ ဘေးဒုက္ခကျရောက်နိုင်မှုအန္တရာယ်အကြောင်းအသိပေးခြင်းဖြင့် လူသားချင်းစာနာမှုရေးရာ တုံ့ပြန်မှုပြုရေး**

လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့မှုကို ဘေးအန္တရာယ်ဖြစ်ပြီးပြီးချင်းဆောင်ရွက်ခြင်းသည် ဘေးဒဏ်ခံရသူတို့၏ လတ်တလော စိတ်သက်သာရာ ရစေသည်။ အလားတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးခြင်းဖြင့် ဘေးဒဏ်ခံရသူများမိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်အောင်ဆောင်ရွက်ပေးခြင်းသည်လည်း ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ချရေး ရေရှည်ရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်ခြင်းတစ်ရပ်ဖြစ်သည်။ ဘေးဒုက္ခအပြီးတွင် လူသားချင်းစာနာမှုအထောက်အပံ့ပေးခြင်းတုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခြင်းသည် အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီ အသင်းများ၏ အထူးအရေးကြီးသော လုပ်ငန်းဖြစ်သည်။ မည်သို့ဆိုစေ ယင်းသို့ဆောင်ရွက်ခြင်း သက်သက်ဖြင့် အပြီးသတ်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဘေးဒုက္ခကျရောက်လွယ်မှုလျှော့ပါးစေပြီး၊ အနာဂတ်တွင် ဘေးဒုက္ခတုံ့ပြန်ရန်လွယ်ကူမှုရှိအောင် အောက်ပါနည်းများဖြင့် ဆောင်ရွက်ရန်ဖြစ်သည်–

– နိုင်ငံအလိုက် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုကြိုတင်၍ ဖော်ပြပါနိုင်ငံတို့တွင် လေ့ကျင့်ပြီးဖြစ်ပါသည်။ NDRT (National Disaster Response Team) ကို ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊မလေးရှားတို့တွင်လည်းကောင်း၊ DART (Disaster Assessment and Response Team) ကို မြန်မာ၊ တီမော်လက်စ်တီ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့တွင်လည်းကောင်း ဒေသဆိုင်ရာ ဘေးဒုက္ခတုံ့ပြန်ရေးအဖွဲ့ RDRT (National Disaster Response Team) တွင် (၂၄၉) ဦးအားလည်းကောင်း၊ ထောက်ပံ့ပို့ဆောင်ရေး ရေနှင့်သန့်ရှင်းရေး အရေးပေါ်ကာလ ပြည်သူ့ကျန်းမာရေးနှင့် ဆက်သွယ်ရေးတို့အတွက် (၁၀၀) ဦး တို့အားလည်းကောင်း လေ့ကျင့်ပြီးဖြစ်ပါသည်။

– မမျှော်မှန်းနိုင်သော ဘေးဒုက္ခပေါင်းစုံအတွက် စီမံခန့်ခွဲမှုနှင့်အရေးပေါ်တုံ့ပြန်ရေးစီမံချက်(၂)ရပ်ကို နိုင်ငံတော်အဆင့်ဆောင်ရွက်ခြင်း (ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမောလက်စ်တီ၊ ထိုင်း၊ ဗီယက်နမ်)နှင့် ဒေသဆိုင်ရာအဆင့် စီမံချက်ဆောင်ရွက်ခြင်း။

– ဘေးဒုက္ခကယ်ဆယ်ရေးအတွက် အချက်အခြာကျသောနေရာ၌ ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံထားပြီး အသင့်သိုလှောင်ထားခြင်း။

– ဘေးဒုက္ခပြန်လည်ထူထောင်ရေးကို ပိုမိုနားလည်အောင် ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး၊ ဘေးဒုက္ခတုံ့ပြန်ရေး၊ ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေး၊ ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခစီမံခန့်ခွဲရေးတို့နှင့် ဆက်စပ်ပုံတို့ကို ပြည်သူလူထုအတွင်း ပိုမိုရှိသိနားလည်အောင် ပြုလုပ်ပေးခြင်း။

– အသင်းခွဲများ၏ လူသားအရင်းအမြစ်နှင့် ပစ္စည်းအရင်းအမြစ်များ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း။

– ရပ်ရွာလူလုအခြေပြု ဘေးဒုက္ခစီမံခန့်ခွဲရေးအတွက် စေတနာလုပ်အားရှင်များအသစ်စည်းရုံးခြင်း၊ အင်အားတည်မြဲရေးဆောင်ရွက်ခြင်းနှင့် အခြေပြုစာရင်းထိန်းသိမ်းခြင်း။

**နာဂစ်လေဘေးဆိုးကြီးမဖြစ်မီ မြန်မာနိုင်ငံကြက်ခြေနီအသင်း**

၂၀၀၈ ခုနှစ် မေလ နာဂစ်လေဘေးဖြစ်ပွားစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ထိရောက်စွာညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ မမျှော်မှန်းနိုင်သော ဘေးဒုက္ခများအတွက်စီမံချက် (Contingency Plan) ကြိုတင်ရေးဆွဲ စီစဉ်ခဲ့ခြင်းတို့ကြောင့် တုံ့ပြန်ဆောင်ရွက်မှုကို ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့သည်။ မမျှော်မှန်းနိုင်သောဘေးဒုက္ခအတွက်စီမံချက် (CP) ကို ဌာနဆိုင်ရာ (၂၆) ခုမှ ကိုယ်စားလှယ်များ အပါအဝင် အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဘေးဒုက္ခတုံ့ပြန်ရေးဆိုင်ရာကို ပိုမိုနားလည်အောင်ဆောင်ရွက်နိုင်ပြီး (CP) ၏ အရေးကြီးမှုကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့်လည်း ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရန်ကုန်တို့ကို မုန်တိုင်းဝင်ရောက်ပြီး အချိန်အနည်းငယ်အတွင်း လိုအပ်ချက်များအတွက် တုံ့ပြန်မှုကို ဆောင်ရွက်နိုင်စွမ်းရှိခဲ့သည်။ အကျိုးဆက်အဖြစ်လည်း မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခန်းကဏ္ဍကို အပြည့်အဝ နားလည်ပြီး ဘေးဖြစ်ရာဒေသသို့ သွားရောက်ခွင့်နှင့် ပြည်ပအလှူများအတွက် အခွန်ကင်းလွတ်ခွင့် ရရှိခဲ့သည်။ မမျှော်မှန်းနိုင်သော ဘေးဒုက္ခများအတွက် စီမံချက် (CP) ကို ၂၀၀၉ ခုနှစ်တွင် ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပြီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ဘေးဒုက္ခကျရောက်လွယ်သော ပြည်သူများအား ပိုမိုကောင်းမွန်စွာကူညီဆောင်ရွက်ပေးနိုင်ပေလိမ့်မည်။



## ၅-၂ ဘေးဒဏ်လျှော့ပါးရေး ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်နှင့်လိုက်လျောညီထွေကျင့်သုံးရေးဆိုင်ရာ နိုင်ငံအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ

အမျိုးသားကြက်ခြေနီအသင်းအများစုအနေဖြင့် ယခင်နှစ်အတန်ကြာကပင် ရပ်ရွာလူထုအခြေပြု အစီအစဉ်များဖြင့် ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးနှင့် ဘေးဒုက္ခတုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများကို ရှိရင်းစွမ်းဆောင်ရည်များဖြင့်

တည်ဆောက်ကာ အရင်းအမြစ်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းပေးခဲ့သည်။ ဒေသတွင်း အမျိုးသားကြက်ခြေနီအသင်းများ၏ ချဉ်းကပ်ဆောင်ရွက်မှုကို အောက်ပါကားချပ်ဖြင့် ဖော်ပြအပ်ပါသည်။

**ရပ်ရွာလူထုအခြေပြုလုပ်ငန်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကားချပ်**




ကြက်ခြေနီနှင့်လခြမ်းနီအသင်းများနှင့်အခြား မိတ်ဖက်အဖွဲ့အစည်းများ၏ အဆင့်စုံ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ရပ်ရွာလူထုပါဝင်သော စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း။ ဘေးအန္တရာယ်ရောက်လွယ်မှုနှင့်စွမ်းဆောင်ရည်ဆန်းစစ်လေ့လာခြင်း (VCA)၊ ရပ်ရွာလူထု၏ ဘေးဒုက္ခကျရောက်လွယ်မှု အန္တရာယ်လျော့ချရေးလုပ်ငန်းစီမံချက်၊ ဘေးဒုက္ခကျရောက်လွယ်မှုလျော့ချရေး အစီအစဉ် ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးဒုက္ခလျော့ပါးရေးလုပ်ငန်းများ (တည်ဆောက်မှုနှင့် တည်ဆောက်မှုမပါဝင်သော လုပ်ငန်းများ)



ကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးဆက်များနှင့် ဖြစ်ပေါ်လာနိုင်သော ဘေးဒုက္ခများအတွက် ထိရောက်စွာ ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းအတော်များများကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ရပ်ရွာလူထု အခြေပြု ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ချရေးဆိုင်ရာ ပေါင်းစည်း ဆောင်ရွက်မှုများ၊ လာအိုနိုင်ငံတွင် ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခကြိုတင်ပြင် ဆင်ရေးအစီအစဉ်၊ ဖိလစ်ပိုင်နိုင်ငံတွင် စီမံချက် (၁၄၃)၊ ထိုင်းနိုင်ငံတွင် ရပ်ရွာ လူထုအခြေပြု ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ပါးရေးအစီအစဉ်၊ ဗီယက်နမ်နိုင်ငံ၏ ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခစီမံခန့်ခွဲရေးတို့ဖြစ်ကြသည်။ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေကျင့်သုံးရေးကို အာရုံပြုလုပ်ကိုင်လိုကြပြီး၊ ယင်းကိုအနာဂတ် စီမံကိန်းများတွင် ထည့်သွင်းရန် လိုအပ်ပေသည်။

ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ကိုဆန်းစစ်ခြင်း (VCA) မှာထိရောက်သော လုပ်နည်းစနစ် ဖြစ်၍ ရပ်ရွာလူထုနှင့် အတူဆောင်ရွက်ရာ၌ စိစစ်အကဲဖြတ်ခြင်းမှ စီမံချက်ရေးဆွဲခြင်းသို့ ဆောင်ရွက်နိုင်ပါသည်။ ရပ်ရွာ လူထုအနေဖြင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် တစ်ချိန်တည်းတွင် ယင်းတို့ရပ်ရွာအား ခြိမ်းခြောက်နေသော ဘေးအန္တရာယ်များကြောင့် ထိခိုက် ဆုံးရှုံးမှု နည်းပါးအောင် ဆောင်ရွက်ရေးသည် ရပ်ရွာလူထုကိုယ်တိုင် ဆောင်ရွက် ရမည့် တာဝန်ဖြစ်ကြောင်း သဘောပေါက်ကာ တာဝန်ယူမှုနှင့် ရည်မှန်းချက်ကိုပါ

ပြောင်းလဲသွားစေနိုင်ပါသည်။ ယင်းလုပ်ငန်းစဉ်တစ်ရပ်လုံးတွင်ရပ်ရွာလူထုပါဝင်လုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းခွင်လေ့ကျင့်မှု ရရှိလာမည် ဖြစ်သည်။ ဆန်းစစ်မှုနည်းပိုင်းတွင် ယခင်ကထက်ပိုမိုကောင်းမွန်လာခြင်းသည်လည်း အရေးကြီးကြောင်းကို ထပ်လောင်း သိရှိလာရသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်စိစစ်အကဲဖြတ်ခြင်းလက်စွဲစာအုပ်ကို ဒေသသုံးဘာသာစကားသို့ပြန်ဆိုပြီး မိမိနိုင်ငံတွင်သာမက တီမောလက်စ်တီတွင်ပါသုံးစွဲခဲ့သည်။ ဗီယက်နမ်နိုင်ငံကလည်း ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် ဆန်းစစ်ခြင်းလက်စွဲစာအုပ်တွင် ကလေးသူငယ်များကိုစွ၊ မသန်စွမ်းသူများကိုစွ၊ သက်ကြီးရွယ်အိုများကိုစွ၊ မြို့ပြပြဿနာ၊ ရာသီဥတုပြောင်းလဲမှုနှင့် တိုင်းရင်းသား လူနည်းစုကိစ္စများကို ထည့်သွင်းပြင်ဆင်သုံးစွဲခဲ့သည်။

**အသက်မွေးဝမ်းကြောင်းဆိုင်ရာ စဉ်ဆက်မပြတ် လုပ်ငန်းအစီအစဉ်များ (တီမောလက်စ်တီ၏ ကျင့်သုံးမှု)**

တီမောလက်စ်တီ ကြက်ခြေနီအသင်းသည် ဟာတူဘူလီကို (Hatubulico) ဒေသတွင် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းနှင့် စီးပွားရေးအာမခံချက်ရှိစေရန် လုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယင်းတွင်လက်မှုလုပ်ငန်း အတတ်ပညာနှင့် စိုက်ပျိုးရေးကျွမ်းကျင်မှုတို့အတွက် ဆောင်ရွက်ပေးကာ ပြည်သူများ၏ စိုက်ပျိုးကုန်ထုတ်မှု တိုးတက်ရေးနှင့် ဝင်ငွေတိုးရေးကို ရရှိစေခဲ့သည်။ ကိုယ့်အားကိုယ်ကိုးအုပ်စုပေါင်း (၁၆) ခုတို့အနေဖြင့် ဖော်ပြပါ ကြက်ခြေနီလုပ်ငန်းများကြောင့် အသက်မွေးမှုဆိုင်ရာ ပိုမိုကောင်းမွန်သောအခြေအနေကို ဖန်တီးနိုင်ခဲ့ကြသည်။ ယင်းအုပ်စုတို့က သီးနှံများစိုက်ပျိုးထုတ်လုပ်ကြပြီး ပိုလျှံသည်များကို အနီးပတ်ဝန်းကျင် စျေးများ၌ ရောင်းချနိုင်ခဲ့သည်။ အုပ်စုတစ်ခုစီတွင် အရန်ငွေ အမေရိကန်ဒေါ်လာ (၈၀ မှ ၁၂၅) ဒေါ်လာထိ ရရှိခဲ့ပြီး၊ ခြောက်သွေ့ရာသီအတွက် ရိက္ခာဝယ်ယူနိုင်ခဲ့သည်။ အမျိုးသမီးအုပ်စုများအနေဖြင့် ယာယီဆိုင်ခန်းကလေးများကိုပင် ရပ်ကွက်အတွင်း စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ကြက်ခြေနီအသင်း၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အစီအစဉ်၏ အကျိုးကျေးဇူးကြောင့် ဝေးလံခေါင်းပါးဒေသမှ ရပ်ရွာလူထုအနေဖြင့် စွန့်ဦးတီထွင်မှုအလေ့အကျင့်ကောင်းများ အတန်အသင့်ရရှိခဲ့ကြောင်း တွေ့ကြုံခဲ့ရသည်။

အခြားဥပမာတစ်ရပ်မှာ လာအိုကြက်ခြေနီအသင်း၏ ရာသီဥတုပြောင်းလဲခြင်း သတင်းအချက်အလက်များကို ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေးအစီအစဉ်တွင်ထည့်သွင်းဆောင်ရွက်မှုဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ (လာအိုကြက်ခြေနီအသင်း၏ အတွေ့ အကြုံ)**

ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖယ်ဒရေးရှင်းရာသီဥတုဗဟိုဌာန၏ ရံပုံငွေ ခွင့်ပြုချက်ရရှိလာသောအခါ လာအိုကြက်ခြေနီအသင်းအနေဖြင့် ယင်းတို့၏ ဆောင်ရွက်ဆဲဖြစ်သော ရပ်ရွာလူထု အခြေပြုဘေးဒုက္ခကြိုတင်ပြင်ဆင်ရေး အစီအစဉ်နှင့်သီးခြားဆောင်ရွက်ရန်စီစဉ်ခဲ့သည်။ သို့သော် လုပ်ငန်းစဉ်အဆင့် (၂) အပြီးတွင် ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံအပေါ်သဘာဝ ဘေးကျရောက်နိုင်မှု အန္တရာယ်ကို ဆန်းစစ်ခြင်းနှင့် အမျိုးသားကြက်ခြေနီအသင်း၏ ဦးစားပေးအစီအစဉ်အဖြစ်သို့ ရောက်ရှိလာသည်။ ထိုအခါတွင် လာအိုကြက်ခြေနီအသင်း အနေဖြင့် ရာသီဥတုပြောင်းလဲမှုသည် ရပ်ရွာလူထုအခြေပြုဘေးဒုက္ခကြိုတင် ပြင်ဆင်ရေးနှင့်လည်းကောင်း၊ အထူးသဖြင့် ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ် ဖော်ထုတ်ရေးနှင့် ယင်းကိုဦးတည်ပြီး လုပ်ငန်းဆောင်ရွက်ရေးတွင်သုံးစွဲသော ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် စိစစ်အကဲဖြတ်သော နည်းစနစ်များနှင့် ခိုင်မာစွာဆက်စပ်နေကြောင်းတွေ့ရှိရသည်။ ယင်းနောက်တွင်မူ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီစွာကျင့်သုံးရေးကို ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခ ကြိုတင်ပြင်ဆင်ရေးတွင် ထည့်သွင်းပြီး၊ တူညီသော ချဉ်းကပ်မှုဖြင့် ဆောင်ရွက်ခဲ့တော့သည်။

## ၅-၃ ဘက်ပေါင်းစုံ ဘေးဒုက္ခစီမံခန့်ခွဲရေးပုံစံကို ကဏ္ဍအလိုက်အခြေပြုအစီအစဉ်ဖြင့်တည်ဆောက်ရေး

ဘေးဒုက္ခကျရောက်နိုင်မှု အန္တရာယ်လျှော့ချရေးဆိုသည်မှာ အရေးပေါ် ဖြေရှင်း ရန်လိုအပ်ပြီး၊ ရှုပ်ထွေးသောပြဿနာဖြစ်ပါသည်။ မည်သည့်အဖွဲ့ အစည်းတစ်ခု (သို့မဟုတ်) ကဏ္ဍတစ်ရပ်အနေဖြင့် ယင်းကို လုံလောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ယင်းမှာ အဖွဲ့ပေါင်းစုံက စုပေါင်းကြိုးပမ်းရန် လိုပြီး၊ ပြည်သူများ၏ သိနားလည်မှု၊ သိပ္ပံနည်းကျအသိပညာနှင့် သတိထား ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလည်းပါဝင်သည်။

အရှေ့တောင်အာရှရှိ အမျိုးသားကြက်ခြေနီအသင်းများတွင် ဆောင်ရွက်ဆဲ ကဏ္ဍအလိုက် အစီအစဉ်များရှိသည်။ ယင်းတို့မှာ ကျန်းမာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု၊ ရေနှင့်သန့်ရှင်းရေး၊ စေတနာလုပ်အားရှင်ဖွံ့ဖြိုးရေးနှင့်စီမံခန့်ခွဲမှု၊ အသင်းခွဲ ဖွံ့ဖြိုးရေးနှင့် အိုးအိမ်လုပ်ငန်းတို့ ဖြစ်သည်။ ယင်းကဏ္ဍအလိုက်

ဆောင်ရွက်မှုတို့မှာ ရပ်ရွာလူထုအခြေပြုဘေးဒုက္ခကျရောက်နိုင်မှု လျှော့ပါးရေးတွင် ထိရောက်သော အချက်များဖြစ်သည်။

ယင်းကဏ္ဍအလိုက်အခြေပြု လုပ်ငန်းဆောင်ရွက်မှုများကို ကောင်းမွန်စွာပေါင်းစပ်ညှိနှိုင်းပေးခြင်းဖြင့် ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ပါးရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး၊ ပိုမိုဘေးကင်းပြီး၊ ဘေးဒဏ်ကို ခံနိုင်စွမ်းရှိသော ရပ်ရွာလူထုပေါ်ထွန်းလာစေနိုင်ပါမည်။

ကြက်ခြေနီနှင့် လခြမ်းနီအသင်းများအနေဖြင့် ဘေးဒုက္ခစီမံခန့်ခွဲရေးဆိုင်ရာ အမျိုးမျိုးသောပြဿနာများကို ဖြေရှင်းရာ၌ ကျန်းမာရေး၊ အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးဒုက္ခစီမံခန့်ခွဲရေးကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အရေးကြီးကြောင်းရင်းနှီးခဲ့ရသော အတွေ့အကြုံများ အရပိုမိုသိရှိခဲ့ကြပြီးဖြစ်ပါသည်။

ဥပမာအားဖြင့် ဘေးဒုက္ခစီမံခန့်ခွဲရေး ဒေသဆိုင်ရာနှင့် နိုင်ငံအဆင့်ကျွမ်းကျင်သူများသည် စေတနာလုပ်အားရှင်များ စီမံခန့်ခွဲရေးတွင် အသင်းဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့် အတူလုပ်ကိုင်နေကြခြင်းဖြစ်သည်။ အရေးပေါ်ဘေးဒုက္ခစီမံခန့်ခွဲရေး၊ ဘေးဒုက္ခတုံ့ပြန်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ဘေးဒဏ်လျှော့ပါးသက်သာရေးတို့တွင် စေတနာလုပ်အားရှင်များ အလေးထားပါဝင်ဆောင်ရွက်ခြင်းဖြင့် အစီအစဉ် တစ်ရပ်လုံး၏ စဉ်ဆက်မပြတ်သက်ဝင်စေရေးတို့ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။ ယင်းသည် နောင်အနာဂတ်ပိုမိုတိုးတက်ရေးအတွက် လိုအပ်ချက်ဖြစ်သည်။

အလားတူပင် ဘေးဒုက္ခစီမံခန့်ခွဲရေးနှင့် ကျန်းမာရေးတို့အနေဖြင့် ရာသီဥတုပြောင်းလဲရေးကြောင့် ဖြစ်ပေါ်လာနိုင်သော ပြဿနာများကို မည်သို့ပူးပေါင်းဖြေရှင်းကြမည်ဆိုသည်ကို ညှိနှိုင်းဆောင်ရွက်ပြီး ဘက်စုံပိုမိုပူးပေါင်းချဉ်းကပ်မှုဖြင့် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမျိုးသားကြက်ခြေနီ အသင်းအများစုအနေဖြင့် ဘေးဒုက္ခစီမံခန့်ခွဲရေးအစီအစဉ်များတွင် သွေးလွန်တုပ်ကွေးနှင့် ကြက်ငှက်တုပ်ကွေးကာကွယ်ရေးဆိုင်ရာ သတင်းများကိုလည်းကောင်း၊ ရပ်ရွာလူထုအခြေပြု ရှေးဦးပြုစုခြင်းကို ရပ်ရွာအခြေပြု ဘေးဒုက္ခကြိုတင်ပြင်ဆင်ရေး အစီအစဉ်တွင်လည်းကောင်း ထည့်သွင်းဆောင်ရွက်ခဲ့ကြသည်။

### ရေနှင့်သန့်ရှင်းရေး (အင်ဒိုနီးရှားကြက်ခြေနီအသင်း PMI)

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ဆင်းရဲသော ဒေသများ၏ ရေအရင်းအမြစ်များတွင် ဆားဓါတ်ပါဝင်လာစေမှုကို အချိုးမကျစွာ ဖြစ်ပေါ်စေခဲ့သည်။ ဆင်းရဲသော ရပ်ရွာလူထုအများစုအနေဖြင့် မသန့်စင်ရသေးသောရေများ ကို သုံးစွဲနေကြရသည်။ မြစ်ချောင်းများအတွင်းသို့ ဆားဓါတ်ပါသော ရေများစီးဝင်ခြင်းနှင့် မြေအောက်ရေတွင် ပင်လယ်ရေမြင့်တက်မှုကြောင့် ဆားဓါတ်ပါဝင်လာခြင်းတို့သည် ကျန်းမာရေးပြဿနာနှင့် အာဟာရမညီညွတ်မှုတို့ကို ဖြစ်ပေါ်စေသည်။ ပင်လယ်ရေမြင့်တက်မှုက ပင်လယ်ကမ်းခြေဒေသတွင် ရေဘေးနှင့် ရေလွှမ်းမှုကို ပိုမိုဖြစ်ပေါ်စေသည်သာမက မုန်တိုင်း ဒီရေလှိုင်းပိုပြင်းထန်စေသော အခြေအနေကို ဖြစ်ပေါ်စေသည်။ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာဘေး ဖြစ်ပွားမှုများပြားလာခြင်းကြောင့် သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထိခိုက်စေခဲ့ရာ ယင်းတို့တုံ့ပြန်နိုင်ရန် အင်ဒိုနီးရှား ကြက်ခြေနီအသင်းက စေတနာလုပ်အားရှင်အများအပြားကို အရေးပေါ်ရေနှင့်သန့်ရှင်းရေးဆိုင်ရာ သင်တန်းများပေးခဲ့သည်။ ယင်းတို့အနက် ၂၇–ဦးမှာ ရေနှင့်သန့်ရှင်းရေးဆိုင်ရာ ပစ္စည်းကိရိယာများကို စီမံခန့်ခွဲခြင်းနှင့် စက်မောင်းနှင်ခြင်းပြုနိုင်သည့် အထူး ကျွမ်းကျင်သူများဖြစ်ပါသည်။ ထိုသို့ အင်ဒိုနီးရှားကြက်ခြေနီအသင်း၏ ရေသန့် လေ့ကျင့်ပေးထားသူများနှင့် အထူးကျွမ်းကျင်သူများသည် မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများတွင်ဖြစ်ပွားခဲ့သော အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၌ သွားရောက်တာဝန်ထမ်းဆောင်ပေးနိုင်ခဲ့ပါသည်။

## ၅–၄ ရပ်ရွာလူထုဘေးကင်းရေးနှင့်ဘေးဒဏ်ခံနိုင်စွမ်းရှိရေးအတွက် အဓိက ပူးပေါင်းရမည့် ကြားဖြတ်အစီအစဉ်များ

အောက်ပါတို့မှာ အမျိုးသားကြက်ခြေနီအသင်းများ၏ ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး ဦးတည်ဆောင်ရွက်ရာ၌ အခြေခံကျသော အစိတ်အပိုင်းများဖြစ်ပါသည်။ အမျိုးသားကြက်ခြေနီအသင်း အသီးသီးတို့ အနေဖြင့် ယင်းအချက်အချာကျသော လုပ်ငန်းကဏ္ဍတို့ကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုသင့်ပြီး၊ မိမိနိုင်ငံ၏ ဘေးအန္တရာယ် သီးခြားအခြေအနေများနှင့် ဆက်စပ်၍ ရပ်ရွာလူထု ဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေး ဦးတည်ချက်အတွက် လုပ်ဆောင်ချက်အားလုံးကို စုစည်းပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်သည်။ ယင်းအစိတ်အပိုင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

– ဘေးဒုက္ခကျရောက်နိုင်မှုလေ့လာဆန်းစစ်ခြင်းနှင့် ဖော်ထုတ်ခြင်းတို့နှင့် ရပ်ရွာလူထုအခြေပြုကြိုတင်သတိပေးချက်နှင့် ကြိုတင်ခန့်မှန်းချက်များ တည်ဆောက်ခြင်း၊

– ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခကြိုတင်ပြင်ဆင်ခြင်း၊

– ထောက်ခံအားပေးမှု ရရှိအောင်ဆောင်ရွက်ခြင်း၊ ပညာပေးခြင်းနှင့် သိကျွမ်းနားလည်စေခြင်းများ တိုးတက်စေခြင်း၊

– နိုင်ငံတော်အစိုးရနှင့် ဒေသဆိုင်ရာ အာဏာပိုင်တို့၏ အရန်အင်အားအဖြစ် အခိုင်အမာ ဆက်သွယ်ဆောင်ရွက်ခြင်း၊

– အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများနှင့် လုပ်ဖော်ကိုင်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်ခြင်း၊

ကြက်ခြေနီနှင့် လခြမ်းနီအသင်းများအနေဖြင့် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေးအတွက် အများအပြားဆောင်ရွက်ပြနိုင်ပြီးဖြစ်ပါသည်။ အမျိုးသားကြက်ခြေနီအသင်းများအနေဖြင့် အောက်ပါလုပ်ငန်းများဖြင့် သက်ဆိုင်ရာအစိုးရများ၏ ထောက်ခံအားပေးမှုရရန် အပြင်းအထန်ကြိုးစားခဲ့ကြသည်–

– ဘေးဒုက္ခကျရောက်လွယ်သော ရပ်ရွာလူထု၏ စွမ်းဆောင်ရည်မြှင့်တင်ရေးကို ကြက်ခြေနီနှင့်လခြမ်းနီအသင်းများအနေဖြင့်လည်းကောင်း၊ (ကြက်ခြေနီနှင့် လခြမ်းနီပုံစံမဟုတ်ဘဲလည်းကောင်း) အဆင့်အသီးသီးရှိ ဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များက ပိုမိုကြီးမားသော အခန်းကဏ္ဍနှင့်တာဝန်ယူမှုအပိုင်းဖြင့်ဆောင်ရွက်ခဲ့ကြသည်။

– ကျောင်းပညာရေးတွင် ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေး စုစည်းဆောင်ရွက်မှုများကို ထည့်သွင်းခဲ့သည်။

– စေတနာလုပ်အားရှင်များကိုအသုံးပြု၍ ဘေးဒဏ်ကြိုတင်သတိပေးမှုသတင်းများကို ပြည်သူများထံ အမြန်လက်ဆင့်ကမ်းပေးပို့ရေး၏ အကျိုးရှိမှုကို အသိအမှတ်ပြုနိုင်ခဲ့သည်။

– အရေးပေါ်ဆန်းစစ်လေ့လာခြင်းနှင့်ဘေးအန္တရာယ်ကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည်ဆန်းစစ်လေ့လာခြင်း နည်းစနစ်တို့ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခဲ့သည်။




**စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အား (ထိုင်းနိုင်ငံကြက်ခြေနီနှင့် စင်္ကာပူနိုင်ငံကြက်ခြေနီအသင်း)**

ထိုင်းနိုင်ငံကြက်ခြေနီအသင်းသည် (တက်စ်ကိုလိုတပ်စ်) ကုန်တိုက်ကြီးများ လုပ်ငန်းစုနှင့် ပူးပေါင်းဆောင်ရွက်ဖက်အဖြစ် ဆောင်ရွက်ရာတွင် ယင်းကုန်တိုက် အုပ်စုက ကယ်ဆယ်ရေးပစ္စည်းများ သတ်မှတ်တန်ဖိုးအထိ လှူဒါန်းခြင်းနှင့် ထိုင်းနိုင်ငံတွင်း ဘေးဖြစ်ပွားရာဒေသများသို့ အခမဲ့ပို့ဆောင်ပေးခြင်း။

စင်္ကာပူကြက်ခြေနီအသင်းသည် မက်ဒိုနယ် အစားအသောက်ကုမ္ပဏီနှင့် ကယ်ဆယ်ရေးအစားအစာလှူဒါန်းရန် သဘောတူညီချက်ရှိခြင်း၊ CIVIC သူနာ တင်ယာဉ်အဖွဲ့နှင့် ကူးစက်မြန်ရောဂါတုံ့ပြန်ရေးကိစ္စ၊ အလက်ဇန်ဒရာ ဆေးရုံ ကြီးနှင့် ကျန်းမာရေး စေတနာလုပ်အားရှင်အဖြစ် သုံးစွဲရေးကိစ္စ သဘောတူညီ ချက်များပြုလုပ်ထားခြင်းတို့ဖြစ်ပါသည်။

## ကျွန်ုပ်တို့အရှေ့တောင်အာရှဒေသ ဘယ်နေရာရောက်နေပြီလဲ



ကမ္ဘောဒီးယား ကြက်ခြေနီအသင်း၊ အင်ဒိုနီးရှား ကြက်ခြေနီအသင်းနှင့် ဖိလစ်ပိုင်ကြက်ခြေနီအသင်းတို့သည် ယင်းတို့၏ နိုင်ငံတော်အဆင့် ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေးအဖွဲ့များ၌အဖွဲ့ဝင်အဖြစ်တက်ကြွစွာပါဝင်လျက်ရှိသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ဘေးဒုက္ခကျရောက်နိုင်မှုဆိုင်ရာ အစည်းအဝေးများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အမျိုးသားကြက်ခြေနီ အသင်းများ

အနေဖြင့် အောက်ပါအခွင့်အလမ်းများ ရရှိနိုင်ပါသည်–

– မိမိတို့၏ ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေးလုပ်ငန်းများကို သတင်းအချက်အလက်မျှဝေပေးနိုင်ခြင်း၊

– မိတ်ဖက်အဖွဲ့အစည်းများထံမှ ဘေးဒုက္ခကျရောက်နိုင်မှုလျော့ပါးရေးဆိုင်ရာလမ်းကြောင်းသစ်များကိုဆီလျော်စွာသုံးစွဲမှု (သို့မဟုတ်) ပိုမိုကောင်းမွန်သောစီမံကိန်းနှင့် လုပ်ဆောင်မှုများကို သင်ယူလေ့လာနိုင်ခြင်း။

– ဖော်ညွှန်းချက်တို့ကို အသိပညာပေးဖလှယ်ခြင်းဖြင့် အမျိုးသားကြက်ခြေနီအသင်းတို့၏ကဏ္ဍ တိုးမြှင့်တင်နိုင်ခြင်း။

– ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ လုပ်ငန်းအစီအစဉ်များ၊ အခြေခံစည်းမျဉ်းများတို့ကို အဆင့်မြှင့်နိုင်ခြင်း။

– အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၏ ဦးဆောင်သူများအနေဖြင့် ဘေးဒုက္ခကျရောက်နိုင်မှု လျော့ပါးရေးဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်မှုကို သိနားလည်မှုနှင့် ကတိပြုမှုတွင်လည်းကောင်း၊ ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေးတည်ဆောက်မည့် ယိုကိုလုပ်ငန်းဘောင် (HFA) အကောင်အထည်ဖော်ရေးကိုလည်းကောင်း ပိုမိုသိရှိပါဝင်လာစေနိုင်ခြင်း။

– ဒေသအတွင်း ဘေးအန္တရာယ်ဖြစ်ပွားနိုင်သော နေရာများတွင် ရပ်ရွာလူထုဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များနှင့် အဆက်အသွယ်ရရှိလာနိုင်ခြင်း။

### ဘေးဒုက္ခကျရောက်နိုင်မှု–လျော့ချရေးအတွက် ရင်းနှီးမြှုပ်နှံမှု (ဗီယက်နမ်ကြက်ခြေနီအသင်း)

ဗီယက်နမ်နိုင်ငံ ကမ်းခြေဒေသတွင်ဒီရေတောများစိုက်ပျိုးခဲ့ခြင်းကြောင့်ပင်လယ်ဒီရေ ကာကွယ်ရေးတာတမံများကို ကာကွယ်ပေးနိုင်သည့်အပြင် ပင်လယ်မှတိုက်လာသော လေပြင်းဒဏ်နှင့် ရေလှိုင်းဒဏ်ကို လျော့နည်းစေခြင်းဖြင့် ဒေသရှိပြည်သူများအား ဘေးဒဏ်မှ အကာအကွယ်ရစေသည်။ ထို့ပြင် ဒီရေတောသစ်ပင်များ၏အမြစ်များက ရေသတ္တဝါများ ပေါက်ဖွားနေထိုင်ရန် နေရာကောင်းများဖြစ်ပေါ်စေသည့်အတွက် ဂေဟစနစ်ကို ထိန်းညှိပေးသည်။ မြေပြိုမှုဘေးဖြစ်ပွားလေ့ရှိသော အခြားဒေသများတွင်လည်း အမျိုးမျိုးသော သစ်ပင်များ စိုက်ပျိုးခြင်းကို ရပ်ရွာလူထု အခြေပြု ဘေးဒုက္ခကျရောက်နိုင်မှု လျော့ပါးရေး အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ဟိုင်ဖုံဒေသတွင် ဗီယက်နမ် ကြက်ခြေနီအသင်းအနေဖြင့် ၂၀၀၃–ခုနှစ်မှစ၍ ဒီရေတော–ဟက်တာ–၁၆၀၀ စိုက်ပျိုးရေးအတွက် ထောက်ပံ့ခဲ့ရာ ရေတာ်းတမံ ၇ ကီလိုမီတာကို အကာအကွယ်ပေးနိုင်ခဲ့သည်။ ယင်း

အစီအစဉ်အတွက် သုံးစွဲငွေမှ အမေရိကန်ဒေါ်လာ (၈၀၀၀၀၀) ဖြစ်ပြီး၊ အကျိုးဆက်အဖြစ် နှစ်စဉ်သုံးစွဲခဲ့ရသော ရေတားတမံ ပြုပြင်စရိတ် အမေရိကန်ဒေါ်လာ (၁.၈) သန်းကို သက်သာစေနိုင်ခဲ့သည်။

**ရေရှည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ပေါင်းစပ် ဆောင်ရွက်မှု (အင်ဒိုနီးရှားနိုင်ငံ)**

၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီဘေးကြီးဖြစ်ပွားပြီးသည့်နောက်မှစ၍ အာချေးဒေသတွင် ရာသီဥတု ပြောင်းလဲမှု၏ ခြိမ်းခြောက်မှုကို တွေ့ကြုံနေရသည်။ ဆူနာမီဘေးအပြီး သစ်တောပြန်လည်တည်ထောင်ရေးလုပ်ငန်းဒေသတွင် မိုးသည်းထန်မှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာသော ရေဘေးနှင့် မြေပြိုဘေးများ ဖြစ်ပွားခဲ့ရသည်။ ဥပမာအားဖြင့် လူနေအိမ်များ ပြန်လည်တည်ဆောက်ပေးခဲ့သော မူလာဘို (Meulaboh) မြို့တွင် ရေဘေးဖြစ်ပွားနိုင်မှုနှင့် ပင်လယ်ရေပြင် မြင့်တက်မှုများကြောင့် ပြန်လည်တည်ဆောက်မှုများ ပျက်စီးနိုင်သော လက္ခဏာများကို တွေ့မြင်နေကြရသည်။ အင်ဒိုနီးရှားကြက်ခြေနီအသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီ အသင်းများဖယ်ဒရေးရှင်း (ဌာနေကိုယ်စားလှယ်) နှင့် ပူးပေါင်းပြီး ရေလုပ်သားများနှင့် လယ်သမားများအား ရေရှည်အသက်မွေးဝမ်းကြောင်း အစီအစဉ်အတွက် ငွေကြေးထောက်ပံ့မှုနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ဥပမာ အာချေဘီဆာရှိ တုဘိုယို (Tok Boyoh) လယ်သမားအုပ်စုအနေဖြင့် ပိုမိုကျယ်ဝန်းသော လယ်မြေများ ချဲ့ထွင်ပြီး စီးပွားရေးအရှိန်မြှင့်ခြင်းဖြင့် ဝင်ငွေတိုးအောင် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြသည်။ နယ်လယန်ရာမက် (Nelayan Ranmat) ရေလုပ်သားအုပ်စုကလည်း လက်ရှိထက်ကြီးသောပိုက်ကို ဝယ်ယူခြင်းမပြုဘဲ ၎င်းတို့၏ပိုက်များကို ဆက်ယူခြင်းဖြင့် ငါးပိုဖမ်းနိုင်အောင်ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြသည်။ ယင်းမှာ သင်တန်းများမှ ပို့ချပေးခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဆိုင်ရာ အုပ်စုလိုက် ပေါင်းစပ်ဆောင်ရွက်ရေးနည်းပညာများရရှိကာ ရေရှည်အသက်မွေးမှု လုပ်ငန်းများအတွက် လုပ်နိုင်စွမ်းအပေါ် ယုံကြည်မှု ရရှိလာစေခဲ့သည်။

## ကျွန်ုပ်တို့အရှေ့တောင်အာရှဒေသ ဘယ်နေရာရောက်နေပြီလဲ



ရပ်ရွာလူထု ဘေးကင်းရေးနှင့် ဘေးဒဏ်ခံနိုင်စွမ်းရှိရေးကို အားလုံးစုပေါင်းချဉ်းကပ်မှုနှင့် လုပ်ငန်းစဉ်များ အရှိန်မြှင့် ဆောင်ရွက်နေကြသော အရှေ့တောင်အာရှဒေသမှ အမျိုးသားကြက်ခြေနီအသင်းများအား ကူညီနိုင်ရန် ဘေးဒုက္ခစီမံခန့်ခွဲရေး ဒေသဆိုင်ရာယူနစ်အနေဖြင့် ဥရောပကော်မရှင် လူသားချင်းစာနာမှုအကူအညီပေးရေးရုံး (ECHO) သို့ အောက်ပါအချက်များဆိုင်ရာ အဆိုပြုချက်တင်ပြခဲ့သည်–

ကျွန်ုပ်တို့အရှေ့တောင်အာရှဒေသ ဘယ်နေရာရောက်နေပြီလဲ

- ဘေးဒုက္ခကျရောက်နိုင်မှုလျှော့ပါးရေးဒေသဆိုင်ရာမူဘောင် တစ်ရပ်ဖွံ့ဖြိုးရန်
- ဘေးဒုက္ခကျရောက်လွယ်မှုနှင့် စွမ်းဆောင်ရည် လေ့လာဆန်းစစ်ခြင်းနှင့် ရပ်ရွာလူထုအခြေပြုစီမံကိန်းနည်းစနစ်တို့ ဒေသနှင့်လျော်ညီစွာဆောင်ရွက်ရန်
- ရပ်ရွာလူထုအခြေပြု ကြိုတင်သတိပေးစနစ်ပိုမိုကောင်းမွန်စေရန်
- ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ပါးရေးကို ကျောင်းပြင်ပ ပညာရေးတွင် ထည့်သွင်းဆောင်ရွက်ရန်
- ဒေသတွင်း ဒေသပြင်ပတို့တွင် ညှိနှိုင်းဆောင်ရွက်မှုနှင့် ဆက်သွယ်ရေး ကွန်ယက်ပိုမိုအားဖြည့် ဆောင်ရွက်ရန်
- အသိပညာဖလှယ်ရန်



## ၆။ အရှေ့တောင်အာရှဒေသတွင်း ဘေးကင်းရေးနှင့်ဘေးဒဏ်ကို ပိုမိုခံနိုင်စွမ်းရှိသော ရပ်ရွာလူထုအဖြစ် အောင်မြင်စွာထူထောင်ရေး (နောက်ဆက်တွဲ)

ဘေးဒုက္ခကျရောက်နိုင်မှု လျှော့ပါးရေးတွင် အရှေ့တောင်အာရှဒေသတွင်းရှိ အမျိုးသား ကြက်ခြေနီအသင်းများ အနေဖြင့် ဒေသအလိုက်ဖြစ်စေ၊ နိုင်ငံအလိုက်ဖြစ်စေ ကွာဟချက်နှင့် လိုအပ်ချက်များကို ဖော်ထုတ်ရေးကို အတူတကွ ဆောင်ရွက်လျက်ရှိကြသည်။ ယင်းအပေါ် မူတည်၍ ရပ်ရွာလူထုဘေးကင်းရေးနှင့်ဘေးဒဏ်ကို ပိုမိုခံနိုင်စွမ်းရှိရေးဆိုင်ရာ ထူထောင်မှု လုပ်ငန်းအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးကြရမည် ဖြစ်သည်။

# နောက်ဆက်တွဲ–၁

## အမျိုးသားကြက်ခြေနီအသင်းများမှဖော်ထုတ်ထားသောအရှေ့တောင်အာရှအတွင်းဘေးဒုက္ခကျရောက်နိုင်မှု အခြေပြဇယား

| | | အမျိုးသားကြက်ခြေနီအသင်း၏ စွမ်းဆောင်နိုင်မှုထက်ကျော်လွန်၍ နိုင်ငံတကာအကူအညီလိုအပ်သော ဘေးဒုက္ခအန္တရာယ် | | |
|---|---|---|---|---|
| | | နိမ့် | အလယ်အလတ် | မြင့် |
| နိုင်ငံအတွင်း ဘေးဒုက္ခအန္တရာယ်အမျိုးမျိုး ကျရောက်မှုအကြိမ် | မကြာခဏ | အင်ဒိုနီးရှားကြက်ခြေနီအသင်း/မြေပြိုမှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/မီးလောင်မှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/လူ့ပယောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ<br>ထိုင်းကြက်ခြေနီအသင်း/မီးလောင်မှု<br>ထိုင်းကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း<br>ထိုင်းကြက်ခြေနီအသင်း/မီးလောင်မှု | အင်ဒိုနီးရှားကြက်ခြေနီအသင်း/ရေလွှမ်းမှု<br>လာအိုကြက်ခြေနီအသင်း/ရေလွှမ်းမှု<br>လာအိုကြက်ခြေနီအသင်း/မြေပြိုမှု<br>ကမ္ဘောဒီးယားကြက်ခြေနီအသင်း/(လျှပ်တပြက်)ရေလွှမ်းမှု/ ရေလွှမ်းမှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/လေပြင်း<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/ကပ်ရောဂါ<br>တီမောလက်စ်တီကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း<br>တီမောလက်စ်တီကြက်ခြေနီအသင်း/မီးလောင်မှု<br>တီမောလက်စ်တီကြက်ခြေနီအသင်း/ရေလွှမ်းမှု<br>တီမောလက်စ်တီကြက်ခြေနီအသင်း/လူ့ပယောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ<br>တီမောလက်စ်တီကြက်ခြေနီအသင်း/သီးနှံပိုးမွှားကျခြင်း<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး | ဗီယက်နမ်ကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး<br>ဗီယက်နမ်ကြက်ခြေနီအသင်း/ရေလွှမ်းမှု<br>တီမောလက်စ်တီကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး |
| | အလယ်အလတ် | ဗီယက်နမ်ကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း<br>ကမ္ဘောဒီးယားကြက်ခြေနီအသင်း/ယာဉ်မတော်တဆဖြစ်မှု<br>ဗီယက်နမ်ကြက်ခြေနီအသင်း/မြေပြိုမှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း<br>ဗီယက်နမ်ကြက်ခြေနီအသင်း/မီးလောင်မှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/ရေလှိုင်း<br>ဗီယက်နမ်ကြက်ခြေနီအသင်း/ကပ်ရောဂါ<br>ထိုင်းကြက်ခြေနီအသင်း/မြေပြိုမှု<br>လာအိုကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး<br>ထိုင်းကြက်ခြေနီအသင်း/လူ့ပယောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ | လာအိုကြက်ခြေနီအသင်း/ မိုးခေါင်ရေရှားခြင်း<br>လာအိုကြက်ခြေနီအသင်း/(လျှပ်တပြက်)ရေလွှမ်းမှု<br>တီမောလက်စ်တီကြက်ခြေနီအသင်း/လေပြင်း<br>တီမောလက်စ်တီကြက်ခြေနီအသင်း/ကပ်ရောဂါ<br>တီမောလက်စ်တီကြက်ခြေနီအသင်း/မြေပြိုမှု<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/(လျှပ်တပြက်)ရေလွှမ်းမှု<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/မြေပြိုမှု | |

| အမျိုးသားကြက်ခြေနီအသင်း၏ စွမ်းဆောင်နိုင်မှုထက်ကျော်လွန်၍ နိုင်ငံတကာအကူအညီလိုအပ်သော ဘေးဒုက္ခအန္တရာယ် | | | | |
|---|---|---|---|---|
| | | နိမ့် | အလယ်အလတ် | မြင့် |
| နိုင်ငံအတွင်း ဘေးဒုက္ခအန္တရာယ် အမျိုးမျိုး ကျရောက်မှုအကြိမ် | အလယ်အလတ် | လာအိုကြက်ခြေနီအသင်း/မီးလောင်မှု<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/မီးလောင်မှု<br>လာအိုကြက်ခြေနီအသင်း/လူ့ပရောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/မီးတောင်ပေါက်ကွဲမှု<br>လာအိုကြက်ခြေနီအသင်း/ကပ်ရောဂါ<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/လူ့ပယောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ<br>လာအိုကြက်ခြေနီအသင်း/အပူချိန်လွန်ကဲခြင်း<br>မလေးရှားကြက်ခြေနီအသင်း/မီးလောင်မှု<br>ကမ္ဘောဒီးယားကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း | လာအိုကြက်ခြေနီအသင်း/မိုးခေါင်ရေရှားခြင်း<br>လာအိုကြက်ခြေနီအသင်း/(လျှပ်တပြက်)ရေလွှမ်းမှု<br>တီမောလက်စ်တီကြက်ခြေနီအသင်း/လေချင်<br>တီမောလက်စ်တီကြက်ခြေနီအသင်း/ကပ်ရောဂါ<br>တီမောလက်စ်တီကြက်ခြေနီအသင်း/မြေပြိုမှု<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/(လျှပ်တပြက်)ရေလွှမ်းမှု<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/မြေပြိုမှု | |
| | ရံဖန်ရံခါ | ဗီယက်နမ်ကြက်ခြေနီအသင်း/လေချင်<br>ကမ္ဘောဒီးယားကြက်ခြေနီအသင်း/မီးလောင်မှု<br>ဗီယက်နမ်ကြက်ခြေနီအသင်း/မီးတောင်ပေါက်ကွဲမှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး<br>ဗီယက်နမ်ကြက်ခြေနီအသင်း/လူ့ပယောဂကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/မီးတောင်ပေါက်ကွဲမှု<br>ဗီယက်နမ်ကြက်ခြေနီအသင်း/မြေပြိုမှု<br>အင်ဒိုနီးရှားကြက်ခြေနီအသင်း/အပူချိန်လွန်ကဲခြင်း<br>ဗီယက်နမ်ကြက်ခြေနီအသင်း/ရေလှိုင်း<br>တီမောလက်စ်တီကြက်ခြေနီအသင်း/အပူချိန်လွန်ကဲခြင်း<br>ဗီယက်နမ်ကြက်ခြေနီအသင်း/အပူချိန်လွန်ကဲခြင်း<br>ထိုင်းကြက်ခြေနီအသင်း/စက်မှုကြောင့်ဖြစ်ပေါ်သောဘေးဒုက္ခ | လာအိုကြက်ခြေနီအသင်း/လေချင်<br>လာအိုကြက်ခြေနီအသင်း/မီးတောင်ပေါက်ကွဲမှု<br>ကမ္ဘောဒီးယားကြက်ခြေနီအသင်း/ကပ်ရောဂါ<br>ထိုင်းကြက်ခြေနီအသင်း/တိုင်ဖုန်း၊ ဆိုင်ကလုံး<br>ထိုင်းကြက်ခြေနီအသင်း/လေချင်<br>ထိုင်းကြက်ခြေနီအသင်း/ရေလှိုင်း<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/လေချင်<br>ဖိလစ်ပိုင်ကြက်ခြေနီအသင်း/ရေလှိုင်း | တီမောလက်စ်တီကြက်ခြေနီအသင်း/ရေလှိုင်း |

| အမျိုးသားကြက်ခြေနီအသင်း၏ စွမ်းဆောင်နိုင်မှုထက်ကျော်လွန်၍ နိုင်ငံတကာအကူအညီလိုအပ်သော ဘေးဒုက္ခအန္တရာယ် | | | | |
|---|---|---|---|---|
| | နိမ့် | | အလယ်အလတ် | မြင့် |
